ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၆.၃၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၃၀-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နန်နီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် နှင့် ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၈)ဦး ဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန် တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီ လှူဒါန်းကြဖို့ ဖြစ်ပါတယ်။ ရရှိသော အလှူငွေများကို ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းဖို့ သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် လှူဒါန်းခြင်း၊ တင်ပြခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းသည့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွေး - ဖက်ကွန် - လင်းလေလမ်း(၁၀)မိုင်အား ကတ္တရာလမ်းအဖြစ်လာမည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွေး - ဖက်ကွန် - လင်းလေလမ်း (၁၀)မိုင်အား ကတ္တရာလမ်းအဖြစ်လာမည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ တောင်ကြီးမြို့နယ်အတွင်းရှိ တောင်ကြီး - ဂနိုင်ရွေး - ဖက်ကွန် - လင်းလေ (၁၀)မိုင်လမ်းဟာ တောင်ကြီးမြို့နှင့် အနီးဆုံးလမ်းလည်း ဖြစ်ပါတယ်။ တောင်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ တောင်ကြီးမြို့နှင့် အနီးဆုံးကျေးရွာအုပ်စု လေးစုနေပြည်သူများ အဓိကအားထားရတဲ့ လမ်းဖြစ်သလို ဟိုပုံးမြို့နယ် အနောက်ခြမ်းရှိ ပြည်သူများလည်း အသုံးများနေသည့် လမ်းလည်းဖြစ်ပါတယ်။ အဆိုပါဒေသနေ ပြည်သူများဟာ တောင်ကြီးမြို့သို့ အဓိကကုန်စိမ်းနှင့် ဟင်းသီးဟင်းရွက်များ ဖြည့်ဆည်းပို့ဆောင်ပေးနေသည့် ဒေသဖြစ်တဲ့အပြင် တောင်ကြီးမြို့ရဲ့ ရေအရင်းအမြစ်လိုအပ်ချက်ကိုလည်း အဓိကဖြည့်ဆည်းပေးနေသည့် ဒေသလည်း ဖြစ်ပါတယ်။ တောင်ကြီးမြို့နှင့် ချိတ်ဆက်နေသည့်လမ်းများအနက် တစ်ခုတည်းသော ဆိုးရွားစွာသွားလာနေရသေးသော လမ်းဖြစ်ပါတယ်။ ကျန်လမ်းများအားလုံးဟာ ကတ္တရာလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ဒေသခံပြည်သူများမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လိုလားတောင်းတလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ တောင်ကြီး - ဂနိုင်ရွေး - ဖက်ကွန် - လင်းလေလမ်း (၁၀)မိုင်အား ကတ္တရာလမ်းအဖြစ် လာမည့် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးနိုင်ပါရန်နှင့် တည်ဆောက်ပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာခင်းလမ်းအဖြစ် ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာခင်းလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော် မေးထားတဲ့ မေးခွန်းက မြောက်ဦးမြို့ ကိုးသောင်းဘုရားသွားလမ်းကို ပြုပြင်ရန်နှင့် ပတ်သက်လို့ ဖြစ်ပါတယ်။ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းဟာ အလယ်ဈေးတံတားမှ ကိုးသောင်းဘုရား ပုထိုးတော်ကြီးအထိလမ်း တစ်မိုင်ကျော်ခန့်ပဲ ရှိပါတယ်။ ဒီဘုရားလမ်းကို ယခင်က ကတ္တရာလမ်း ခင်းထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကတ္တရာရည် မဖြစ်စလောက် အပေါ်အလွှာလောင်းချကာ လုပ်ထားတဲ့အတွက်ကြောင့် စံချိန်စံညွှန်း အရည်အသွေး ဘာမှမရှိတော့တဲ့အတွက် တစ်နှစ်ကျော် (၂)နှစ်နီးပါးသာ ခံခဲ့ဖူးပါတယ်။ ကတ္တရာလမ်းဟာ အခုလုံးဝပျက်စီးသွားတာ ကြာပြီဖြစ်ပါတယ်။

အခုအခါမှာ အဲဒီလမ်းဟာ ချိုင့်ခွက်တွေ၊ ဗွက်တွေ၊ နွံ့တွေနှင့် အလွန်တရာဆိုးရွားနေတဲ့ လမ်းတစ်လမ်းအဖြစ်ကို ရောက်ရှိနေပါတယ်။ ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းဘုရားဖူးများတို့ဟာ ဒီလမ်းကို အမြဲတမ်းသွားနေကြရပါတယ်။ ကမ္ဘာလှည့်ခရီးသွားများ အချို့ကဆိုလို့ရှိရင် ဒီလောက်ကြီးကျယ် ခမ်းနားထင်ရှားတဲ့ ကိုးသောင်းဘုရားပုထိုးတော်ကြီးသို့ သွားရာလမ်းပျက်စီးနေတာကို ယခုလို လျစ်လျူရှုထား၊ ပစ်ပယ်ထားတာ တော်တော်အံ့သြစရာကောင်းပါတယ်လို့ပြောတာကို ဧည့်လမ်းညွှန်က တစ်ဆင့်သိရှိရပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ အမှန်တကယ်လည်း စိတ်ပျက်စရာကောင်းပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာခင်း လမ်းအဖြစ် ပြန်လည်ပြုပြင် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ အပေါက်ဝကျေးရွာမှ နေပူခံကျေးရွာ၊ ဒုက္ကံချောင်းကျေးရွာ၊ ပိုလ်မင်းကျေးရွာ၊ ဘရာဝါကျေးရွာနှင့် ကြောင်ဖိုကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်းရှိ အပေါက်ဝကျေးရွာမှ နေပူခံကျေးရွာ၊ ဒုက္ကံချောင်းကျေးရွာ၊ ပိုလ်မင်းကျေးရွာ၊ ဘရာဝါကျေးရွာနှင့် ကြောင်ဖိုကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ် လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး သာလီစွပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံး ပြည်နယ်တစ်ခုဆိုတာကို လူတိုင်းသိရှိပြီး ဖြစ်ပါတယ်။ ဒီလိုဆင်းရဲခြင်းဟာ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းဟာလည်း အဓိက အချက်တစ်ခုအနေနဲ့ ပါဝင်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို တခြားတိုင်းနဲ့ ပြည်နယ်တွေလို တိုးတက်စေချင်တယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေးကို အဓိကထားပြီး ဆောင်ရွက်ပေးလိုက်ရင် တိုးတက်ဖွံ့ဖြိုးလာမယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ ကျေးရွာချင်းဆက်လမ်းတွေ အများကြီးလိုအပ်နေပါသေးတယ်။ အဲဒီအထဲမှ အပေါက်ဝ ကျေးရွာမှ ကြောင်ဖိုကျေးရွာအထိ ကျေးရွာပေါင်း (၆)ရွာ၊ လူဦးရေပေါင်း (၂၇၃၁)ဦးကို အကျိုးပြုနိုင် လာမှာဖြစ်ပါတယ်။ အဲဒီ ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ် အကောင်အထည်ဖော်လိုက်ခြင်း အားဖြင့် ကျေးရွာများမှာ ပညာရေး၊ ကျန်းမာရေးကောင်းမွန်တဲ့အပြင် ယခုနှစ်တွင် အကောင်အထည် ဖော်မည့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်မည့် အပေါက်ဝ-အုံးပတီးလမ်းနှင့် ဆက်စပ်ပြီး ဖောက်လုပ်ပေးလိုက်ခြင်းအားဖြင့် ၎င်းဒေသတစ်ဝိုက်ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ လာနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ဒေသကို ဖော်ဆောင်ပေးမည့် စီမံကိန်းများကို ရခိုင်ပြည်နယ် ဘဏ္ဍာငွေမှ ဖော်ဆောင်မည်ဆိုပါက ကျွန်တော်တို့ ဒေသခံပြည်သူများ နောင် (၁၀)နှစ် ထိတောင် လမ်းကောင်းနှင့် သွားရမှာမဟုတ်ပါ။ သို့ပါ၍ ကျွန်တော်တို့ စီမံကိန်းများကို ဖော်ဆောင် နိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျခံပြီးဆောင်ရွက်ပေးနိုင်ရေးကို ရှေးရှုပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျောက်တော် မြို့နယ်အတွင်းရှိ အပေါက်ဝကျေးရွာမှ နေပူခံကျေးရွာ၊ ဒုက္ကံချောင်းကျေးရွာ၊ ဗိုလ်မင်းကျေးရွာ၊ ဘရာဝါကျေးရွာ၊ ကြောင်ဖိုကျေးရွာအထိကို ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ခင်းပေး နိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နှင့် တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေး သွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နှင့်တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စု မှ ပုသိမ်မြို့နယ် ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်းနှင့် ခပြောင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဦးစွာ နှုတ်ခွန်းဆက် အပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ပုသိမ်၊ ငပုတော

(၂)မြို့နယ်ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နှင့်တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ် ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ အချိန်မလုံလောက်ပါက တစ်ဆက်တစ်စပ်တည်း မိနစ်အနည်းငယ်တိုးပေးပါရန်နှင့် Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါဒေသက မြန်မာနိုင်ငံရဲ့ အနောက်တောင်ဘက် ကမ်းခြေဒေသ တစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် လူ့ဘဝအရပ်ရပ်ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ပုသိမ်နဲ့ ငပုတောမြို့များသို့ ရေလမ်းခရီးဖြင့်လည်း သွားလာရန်သင်္ဘောလိုင်းများလည်း မရှိပါဘူး။ နွေရာသီ ကဲ့သို့ ပွင့်လင်းရာသီမှာပင် ကုန်းတတန်၊ ရေတတန် ခက်ခဲစွာသွားလာနေရပြီးတော့ မိုးတွင်းကာလ ရောက်ပါက မြို့နှင့်အဆက်အသွယ်ပြတ်တောက်လောက်အောင် ခက်ခဲသွားပါတယ်။ ထိုသို့ လမ်းပန်း ဆက်သွယ်ရေးခက်ခဲတဲ့အတွက် ဆေးရုံ၊ ဆေးခန်းများနှင့် အချိန်မီ ကုသခြင်းမပြုနိုင်၍ မသေဆုံးသင့်ဘဲ အသက်သေဆုံးရခြင်းများ၊ ဒေသထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူရောင်းဝယ်မှု မပြုနိုင်ခြင်း၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်သဖြင့် ဝင်ငွေနည်းပြီး ကုန်ကျစရိတ်များခြင်းတို့ကြောင့် စားဝတ်နေရေး အကျပ်အတည်းများ စသည့် လူမှုစီးပွား အခက်အခဲများနှင့် ဒေသဖွံ့ဖြိုးမှု နောက်ကျခြင်းတို့ကြောင့် ဒေသခံပြည်သူများမှ အဆိုပါလမ်းအား အမြန်ဆုံးဖောက်လုပ်ပြီးစီးရန် မျှော်လင့်တောင့်တနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းသည် Google Map တွင် ပုသိမ်မြို့နယ် ငွေဆောင်မြို့မှ တောင်ဘက် ငပုတောမြို့နယ် ကွင်းဘတ်ကျေးရွာကျော်ကျော်အထိ အဝါရောင်မျဉ်းဖြင့် ပြသထား သော်လည်း မြေပြင်တွင် မော်တော်ကားသွား၍ရလောက်အောင် အမှန်တကယ် လမ်းမပေါက်သေး ပါဘူး။ ယခုလက်ရှိ အဆိုပါကမ်းခြေတစ်လျှောက် လိုအပ်လျက်ရှိတဲ့ တံတားအရေအတွက်များရဲ့ (၅၀) ရာခိုင်နှုန်းဝန်းကျင်လည်း ပြီးစီးနေပြီဆိုတာကို သိရှိရပါတယ်။ ယခုအခါမှာ ပုသိမ်မြို့မှ ငရုတ်ကောင်း တောင်သို့ ကတ္တရာလမ်း၊ ငရုတ်ကောင်းတောင်မှ ငရုတ်ကောင်းမြို့သို့ ကျောက်ချောလမ်းဖြင့် မော်တော်ကားဖြင့် သွား၍ရနေပြီဖြစ်သော်လည်း ဖောင်တိုးကွင်းအကွက် ပန်းမော်၊ စပါးစေ့၊ သရောင်း၊ သဲဖြူ၊ ဆည်မ စသည့် ကျေးရွာအုပ်စု(၁၀)ခုကျော်မှ ဒေသခံပြည်သူများအနေဖြင့် အဆိုပါ ငရုတ် ကောင်းမြို့သို့ ရောက်ရန်ပင် ခက်ခက်ခဲခဲသွားလာနေရဆဲ ဖြစ်ပါတယ်။

အဆိုပါ ကမ်းခြေဒေသတွင် ဝိုင်ကျူကျွန်းကဲ့သို့ သဘာဝအလျောက် လှပသောကမ်းခြေ များစွာရှိတဲ့အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ပင်လယ်ရေနက်ဆိပ်ကမ်းများ တည်ဆောက်နိုင်ခြင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ ရှိခြင်းများကြောင့် လမ်းပန်းဆက်သွယ်ကောင်းမွန်ပါက ဒေသ၏စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများ အလျင်အမြန် ဖွံ့ဖြိုးနိုင်သလို နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လည်း များစွာအထောက်အကူ ဖြစ်နိုင်ပါတယ်။ အဆိုပါ မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ပြီးဆုံး သွားပါက လက်ရှိ ငရုတ်ကောင်း၊ ငရုတ်ကောင်းတောင်၊ ပုသိမ်လမ်းမသွားလာခြင်း၊ ကမ်းခြေ တစ်လျှောက် ငရုတ်ကောင်းတောင် ပုသိမ်သို့သွားလာခြင်းက ခရီးကြာချိန် ပိုမိုမြန်ဆန်မှာဖြစ်တဲ့

အတွက်ကြောင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်သည့်အပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုဘဝအရပ်ရပ် လျင်မြန်ဖွံ့ဖြိုးတိုးတက်မှာ သေချာပါတယ်။ သို့ပါသောကြောင့် ဒေသခံပြည်သူများ အနှစ်နှစ် အလလက မျှော်လင့်တောင့်တခဲ့ရတဲ့လမ်းဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နှင့် တောင်ဘက်ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ် ငွေဆောင်မြို့ အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဒေသခံပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှ လေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

Google မြေပုံအရ တွေ့မြင်ရပုံ (ထ)




ဆင်မတံတားနှင့် စပါးကြီးတံတားမြင်ကွင်းပုံ (ထ-၁)



သဘာဝအလှ မပျက်စီးဘဲရှိနေသည့် ဂေါ်ရန်ဂျီကျွန်းနှင့် ကမ်းခြေများ မြင်ကွင်းပုံ (ထ-၂)



**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ်တာတမံကို ဆည်ဖို့ ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အလယ်၌ ရေချိုကန်ပါသော အသက်ကယ်ကုန်းမြင့်တစ်ခု တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ် တာတမံကို ဆည်ဖို့ ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အလယ်၌ရေချိုကန်ပါသော အသက်ကယ်ကုန်းမြင့်တစ်ခု တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အားလုံးကို လေးစားဂါရဝပြုပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ခမောင်းတော၊ ကံချောင်းကျွန်းပေါ်မှာ ကျေးရွာ(၆)ရွာရှိပါတယ်။ ဒီ (၆)ရွာ ရပ်တည်ဖို့ အခက်အခဲရှိတဲ့အတွက် ၂၀၁၄ ခုနှစ်၊ ပထမအကြိမ် အမျိုးသားလွှတ်တော်မှာ မေးမြန်းခဲ့ပါတယ်။ ရခိုင်ပြည်နယ် အစိုးရက ရန်ပုံငွေတွေ ချထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ဖြေကြားခဲ့ပါတယ်။ ဒေသခံများကလည်း မျှော်တလင့်လင့်နဲ့ ကျေးဇူးတင်ခဲ့ကြပါတယ်။ ဒါပေမဲ့ (၂)နှစ်သာ ကြာလာပါတယ်။ ထူးခြားမလာပါဘူး။ အဲဒါနဲ့ အခုတစ်ကြိမ် ထပ်ပြီးတော့ မေးမြန်းရတာ ဖြစ်ပါတယ်။ ဒီ (၆)ရွာက ကြုံရတဲ့ အခက်အခဲတွေက နှစ်စဉ်နှစ်တိုင်း မုန်တိုင်းသတိပေးချက်လာပြီဆိုရင် ဒေသဆိုင်ရာ အာဏာပိုင်တွေက အဲဒီကရွာသားတွေကို ဘေးအန္တရာယ်ကင်းအောင် နှင်ထုတ်ပါတယ်။ နှင်ထုတ်တော့ ကျွဲတွေ၊ နွားတွေ ပစ်ထားခဲ့ပြီးတော့ အထုပ်အပိုးတွေနဲ့ ပြေးကြရပါတယ်။ တခြားရွာတွေကို ရေမြင့်ရာကို ပြေးရပါတယ်။ ဒီရေက အိမ်အောက်ကြမ်းပြင်ကို (၂)ပေ၊ (၃)ပေ ဝင်လာပါတယ်။ ဆန်စပါးတွေ ပျက်စီးသွားပါတယ်။ အဲဒါနှစ်စဉ်နှစ်တိုင်း ဖြစ်နေတာပါ။ ကယ်ဆယ်ရေးပစ္စည်းတွေလည်း တစ်ခါမှ

မရဖူးပါဘူး။ မူလတန်းကျောင်းဆိုရင် ပိုဆိုးပါတယ်။ ရေဝင်တဲ့အတွက် ကလေးတွေဟာ စာမသင်ရတာက များပါတယ်။

နောက်ပြီးတော့ ဒီ ဧပြီလကစပြီး နိုဝင်ဘာလအထိ ဒီရေဝင်လာပါတယ်။ အစောပိုင်းမှာ ဝင်တဲ့ရေက ရေငန်ပါ။ နောက် မိုးတွင်းမှာ ရေချိုလာပါတယ်။ နောက် မိုးကုန်ရင် ဒါကပြန်ပြီးတော့ ငန်လာပါတယ်။ နှစ်စဉ်နှစ်တိုင်း စပါးဧက(၃၀၀)ကျော် ပျက်စီးပါတယ်။ စိုက်ပျိုးရေးဌာနက ဓာတ်ပုံလာရိုက်ပါတယ်။ ဆည်/မြောင်းကလည်း သိပါတယ်။ ထွေ/အုပ်ကလည်း သိပါတယ်။ ဒါပေမဲ့ ဆည်လုပ်မပေးပါဘူး။ ဒီ သံသရာတွေဟာ လည်နေတာ ကြာပြီဖြစ်တဲ့အတွက်ကြောင့် ဒီ ဒေသဟာ တဖြည်းဖြည်းဆင်းရဲလာပါတယ်။ ဟိုတုန်းကတော့ တင်ပြစရာမရှိပါ။ အခု လွှတ်တော်ပေါ်လာတဲ့အတွက်ကြောင့် တင်ပြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပြီး အချိန်နည်းနည်းတိုးပေးဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ လယ်တွေရေမြုပ်နေတာ ဖြစ်ပါတယ်။ ဒါကတော့ ဒီဘက် ဝဲဘက်ကဟာက ကုလားတန်မြစ်ရေ တိုးဝင်နေတာဖြစ်ပါတယ်။ ညာဘက်ကဟာက မိုးရေတွေနဲ့ ရွာကရေမြုပ်နေတာ ဖြစ်ပါတယ်။ ဒါကလည်း လယ်ကွင်းတွေ ရေမြုပ်တာ ဖြစ်ပါတယ်။ နောက်မှာရှိတဲ့ အမဲစက်တွေက ကျွဲတွေ အစာစားနေတာဖြစ်ပါတယ်။ အဲဒီနောက်မှာက ကောက်ရိုးပုံတွေကလည်း ရေမြုပ်နေတာ ဖြစ်ပါတယ်။ ဒါကလည်း ဒီရေတက်စပြုတာ ဖြစ်ပါတယ်။ ဒါကလည်း လယ်ကွင်းတွေပေါ်မှာ လှေတွေရောက်နေတာ ဖြစ်ပါတယ်။ ဒါက မူလတန်းကျောင်းအဟောင်း ရေမြုပ်နေတာဖြစ်ပါတယ်။ ဒါကတော့ ကုလားတန်မြစ်ရေ အဲဒီရွာထဲကို တိုးဝင်နေတာ ဖြစ်ပါတယ်။ ဒါကတော့ မူလတန်းကျောင်း အခုမြေကနေပြီးတော့ (၆)ပေလောက်အမြင့်မှာ တည်ဆောက်ထားပါတယ်။ ဒါကတော့ ပုဏ္ဏားကျွန်းမြို့နယ်ရဲ့ ပုံပါ။ အောက်ဆုံးမှာ အနီအပြောက်ပြထားတာက အခုအဆိုပြုထားတဲ့ တာတမံဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာ ဒီရေတွေကြီးစိုးနေတာ တွေ့မြင်ရပါတယ်။ ဒါကတော့ ၂၀၁၄ ခုနှစ်မှာ မေးတဲ့မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရက ဖြေကြားခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ရန်ပုံငွေမှာ ချထားပြီး မူတည်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ဖြေကြားခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဖော်ပြခဲ့တဲ့ ပုံတွေဟာ ရေကြီးရေလျှံနေတဲ့ ပုံတွေမဟုတ်ပါဘူး။ နေ့စဉ်ဘဝ ဒီရေကြီးနေတဲ့အချိန် လပြည့်လကွယ်ရက်တွေမှာ ပုံမှန်ဖြစ်နေတဲ့ ပုံတွေဖြစ်ပါတယ်။ နွေရာသီရောက်ရင် အဲဒီနေရာတွေဟာ လွင်တီးခေါင်ပြင် ဖြစ်သွားပါပြီ။ ရေချိုရဖို့လည်း တော်တော်ခက်ခဲသွားပါတယ်။ ရေပို့မယ့်လမ်းကလည်း မရှိပါဘူး။ ကားလမ်းလည်း မရှိပါဘူး။ လူသွားလမ်းလည်း မရှိပါဘူး။ ချောင်းမြောင်းတွေ မရှိတဲ့အတွက် အဲဒီနေရာကို မော်တော်တွေလည်း မရောက်နိုင်ပါဘူး။ အဲဒါကြောင့် ဒီ ကံချောင်းကျွန်းသားများ ဘဝလုံခြုံရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ဝဲဘက်တွင် ကုလားတန်မြစ်ရေ တိုးဝင်နေခြင်းနှင့် ညာဘက်တွင်  မိုးရေတွေနဲ့ ရွာက ရေမြုပ်နေသော မြင်ကွင်းပုံ  (၁)



ဒီရေတက်စ ဖြစ်နေစဉ် မြင်ရသော မြင်ကွင်းပုံ  (၁-၁)



ဒီရေတက်စ ဖြစ်နေစဉ် မြင်ရသော မြင်ကွင်းပုံ (ဒ-၁)



**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် မေးမြန်းထားတဲ့ မေးခွန်း (၅)ခုကို ဖြေကြားဖို့ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား လာရောက်ဖြေကြားတဲ့ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးမေးခွန်း ဖြစ်တဲ့ ရှမ်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဦးစွာပထမဖြေကြား ရမယ်ဆိုလို့ရှိရင်တော့ တောင်ကြီးမြို့နယ်အတွင်းရှိ ဂနိုင်ရွှေး - ဖက်ကွန် - လင်းလေလမ်းပိုင်းမှာ လက်ရှိမြေပြင် အခြေအနေတွင် အရှည်(၉)မိုင်ရှည်လျားသော ကျောက်ကြမ်းလမ်းတစ်ခု ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါ လမ်းပိုင်းတွင်ပါဝင်သော ဂနိုင်ရွှေး - ကန်လောင်းလမ်းအရှည် (၁/၅)မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် (၁၉၂.၃၆၇)သန်းဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ ဂနိုင်ရွှေး - ဖက်ကွန် - လင်းလေလမ်းပိုင်း၌ပါဝင်သော ကန်လောင်း-ဇလဲလမ်း အရှည်(၁၀/၇)မိုင်အား ဂျာမန်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် (KFW) စီမံကိန်း၊ (Phase Ⅱ) နှင့် (Phase Ⅲ)တွင် ထည့်သွင်း ဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ရှိ ကိုးသောင်းဘုရားလမ်းကို အရည်အသွေးပြည့်မီသော ကတ္တရာလမ်းအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားရမယ်ဆိုလို့ရှိရင် ရန်ကုန်-စစ်တွေ ကားလမ်းပေါ်မှာရှိတဲ့ မြောက်ဦးမြို့မှာရှိတဲ့ အလယ်ဈေးရပ်ကွက်၊ အလယ်ဈေး တံတားထိပ်မှစပြီးတော့ ဘုရားအုပ်ကျေးရွာအဆုံး ရှေးဟောင်းသမိုင်းဝင် ကိုးသောင်းဘုရား တည်ရှိပြီးတော့ တစ်ဆက်တည်းဖြစ်တဲ့ မြောက်ဦး - ပိုးဖြူကျွန်း ကျေးရွာသွားလမ်း၊ ဆင်အိုးချေကျေးရွာသွားလမ်းတို့အား ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့ငွေတို့ဖြင့် ကွန်ကရစ်လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကိုးသောင်းဘုရားလမ်းအား ၂၀၀၇-၂၀၀၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်းအား ဆောင်ရွက်ခဲ့ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော မြောက်ဦးမြို့၊ ကိုးသောင်းဘုရားလမ်း (၁/၆)မိုင်အား ကတ္တရာလမ်းအဖြစ် ပြုလုပ်ရန် ခန့်မှန်းတန်ဖိုးငွေကျပ်(၂၃၆.၈၈)သန်းအား ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝ - နေပူခံ - ဒုက္ကံချောင်း - ဗိုလ်မင်း- ဘရာဝါ - ကြောင်ဖိုကျေးရွာချင်းဆက်လမ်း အရှည်(၅)မိုင် (၆)ဖာလုံ၏ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း(၁)မိုင် (၂)ဖာလုံ၊ မြေသားလမ်း (၄)မိုင် (၄)ဖာလုံနှင့် သစ်သားတံတား(၁)စင်း၊ ရေပြွန်(၆)စင်းရှိပြီးတော့ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၁၈၃၄)၊ လူဦးရေ(၈၃၃၈)ဦးတို့အား အကျိုးပြုပါသည်။ ကျန်ရှိသောမြေသားလမ်း(၄)မိုင် (၄)ဖာလုံအား (၁၂)ပေအကျယ် (၉)လက်မထု ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပါက ငွေကျပ်(၄၁၅.၀၃၅)သန်းခန့် ကုန်ကျမည်ဖြစ်ပြီးတော့၊ အဆိုပါလမ်း (၅)မိုင် (၆)ဖာလုံအား (၁၂)ပေအကျယ် (၈)လက်မထု ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပါက ငွေကျပ် (၉၄၈.၆၃၅)သန်းခန့် ကုန်ကျမည်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တစ်ခုလုံးအတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်ဟာ (၄၁၄၂.၈၉၂)သန်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တစ်မြို့နယ်လုံးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေရန်ပုံငွေကျပ်ဟာ (၂၀၈.၄၆)သန်းဖြင့် ဆောင်ရွက်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းထားတဲ့ အပေါက်ဝ-နေပူခံ-ဒုက္ကံချောင်း-ဗိုလ်မင်း-ဘရာဝါ-ကြောင်ဖိုကျေးရွာချင်းဆက်လမ်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်း မရှိခဲ့ပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း

မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြမှု အပေါ်မှာ မူတည်ပြီး လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

အမှတ်(၄)မေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စားဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ပါ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်နှင့် တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်းမှာ ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ကမ်းခြေတစ်လျှောက်မှ ဆက်သွယ်ပေးမည့် ငွေဆောင်-ဆင်မ-ငရုတ်ကောင်း-ကွင်းဘတ်-ဖောင်တိုးလမ်း ဖြစ်ပါသည်။ ပုသိမ်မြို့နယ်အပိုင်းရှိ ငွေဆောင်-ဆင်မလမ်းမှာ စုစုပေါင်းအရှည် (၁၁)မိုင်ရှိပြီးတော့ လမ်း၏ လက်ရှိအခြေအနေမှာ ကွန်ကရစ် လမ်းခင်းပြီး (၃)မိုင် (၄)ဖာလုံ၊ ကတ္တရာလမ်းခင်းပြီး (၁)မိုင်နှင့် မြေသားလမ်း (၆)မိုင် (၄)ဖာလုံ ဖြစ်ပါသည်။ ၎င်းလမ်းပေါ်မှာ အရှည်(၁၈၀)ပေအထက် တံတား(၂)စင်း၊ (၁၈၀)ပေအောက် တံတား (၆)စင်းနှင့် Box Culvert (၂)စင်းတို့ တည်ဆောက်ပေးရန် လိုအပ်ပါသည်။

အဆိုပါ ငွေဆောင်-ဆင်မလမ်းပိုင်းနှင့် ပတ်သက်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်းအရှည် (၅)မိုင် ဖောက်လုပ်ခြင်းနှင့် အထက်ဖော်ပြပါ တံတား(၈)စင်းနှင့် Box Culvert (၂)စင်းတို့ကို ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း(၁)မိုင် ဆက်လက် ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ပါသည်။ အပိုဒ်(၃)မှာ ငပုတောမြို့နယ်အပိုင်းရှိ ဆင်မ-ငရုတ်ကောင်း လမ်းသည် အရှည်(၁၉)မိုင် (၄)ဖာလုံရှိပြီးတော့ လမ်းပေါ်မှာ အရှည်(၁၈၀)ပေနှင့်အထက် တံတား (၅)စင်း၊ (၁၈၀)ပေအောက် တံတား(၆)စင်းနှင့် Box Culvert (၉)စင်းတို့ တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ဆင်မ-ငရုတ်ကောင်းမြေသားလမ်းအရှည် (၁၉)မိုင် (၄)ဖာလုံ ရှိသည့်အနက် ယခင် ဆောင်ရွက်ပြီး မြေသားလမ်းအရှည်(၄)မိုင်ရှိသဖြင့် ဆောင်ရွက်ပေးရန် ကျန်မြေသားလမ်း အရှည်(၁၅)မိုင် (၄)ဖာလုံ ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေဖြင့် လမ်းအရှည် (၅)မိုင်ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည် (၂)မိုင်ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လမ်းအရှည်(၈)မိုင် (၄)ဖာလုံကို လည်းကောင်း မြေသားလမ်းအဖြစ် အစအဆုံးဖောက်လုပ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ လမ်းပေါ်မှာ လိုအပ်သည့်တံတားများနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ (၁၈၀)ပေနှင့်အထက် တံတား(၂)စင်း၊ (၁၈၀)ပေအောက် တံတား(၂)စင်းနှင့် Box Culvert (၉)စင်း ကိုလည်းကောင်း၊ ၂၀၁၅ -၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ (၁၈၀)ပေအထက် တံတား(၁)စင်းကိုလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ (၁၈၀)ပေနှင့်အထက် တံတား(၁)စင်းအား ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါသည်။ စုစုပေါင်း လိုအပ်သည့်တံတား (၁၁)စင်းရှိသဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကုန်မှာ ဆောင်ရွက်ရန်တံတား(၅)စင်းသာ ရှိတော့မည်ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ငပုတောမြို့နယ်၊ ငရုတ်ကောင်း-ဖောင်တိုးလမ်းမှာ လမ်းအရှည်(၃၅)မိုင် (၆)ဖာလုံရှိပြီးတော့၊ ယင်းလမ်းပေါ်မှာ (၁၈၀)ပေနှင့်အထက် တံတား(၆)စင်းနှင့် (၁၈၀)ပေအောက် တံတား(၄)စင်း၊ စုစုပေါင်းတံတား(၁၀)စင်းလိုအပ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ငရုတ်ကောင်းမှ ငှက်ပျောချောင်းကျေးရွာအထိ မြေသားလမ်း(၉)မိုင် (၄)ဖာလုံ ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ မြေသားလမ်းဖောက်လုပ်ရန် ကျန်လမ်းအရှည်(၂၆)မိုင် (၂)ဖာလုံဖြစ်ပါသည်။ အဆိုပါလမ်းပေါ်မှာ စုစုပေါင်း တံတား(၁၀)စင်း လိုအပ်သည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အရှည်(၁၈၀)ပေနှင့်အထက် တံတား(၃)စင်းအား ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ တံတား(၇)စင်း ဆောင်ရွက်ရန် ကျန်ရှိပါသည်။

သို့ပါ၍ ငွေဆောင်-ဆင်မ-ငရုတ်ကောင်း-ဖောင်တိုးလမ်းအစအဆုံး အရှည်(၆၆)မိုင်၊ (၂)ဖာလုံမှာ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကုန်အထိ လျာထားချက်များ ဆောင်ရွက်ပေးပြီးနောက် မြေသားလမ်းအဆင့်မှ စတင်ဖောက်လုပ်ပေးရန် ကျန်လမ်းအရှည်မှာ (၂၆)မိုင် (၂)ဖာလုံသာ ကျန်ရှိမည်ဖြစ်ပါသည်။ အလားတူလမ်းပေါ်မှာ လိုအပ်သည့် တံတားစုစုပေါင်း(၂၉)စင်းနှင့် Box Culvert (၂)စင်းတွင် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကုန်အထိ လျာထားချက်များ ဆောင်ရွက်ပေးပြီးနောက် တံတား(၁၂)စင်းတို့ကိုသာ ဆောင်ရွက်ပေးရန် ကျန်ရှိမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာသော ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နှင့် တောင်ဘက် ဖောင်တိုးကျေးရွာအုပ်စုမှ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့အထိ ရာသီမရွေးသွားရောက်နိုင်သည့် မြို့နယ်ချင်းဆက် ကမ်းခြေပတ်လမ်း ဖောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်ပြီးတော့ လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်ခင်ဗျား။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ကိုယ်စားဖြေကြားရမယ်ဆိုရင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရဲရုပ်ပြင်၊ ခမောင်းတော၊ ကံချောင်းကျွန်းပတ်တာမှာ အလျား(၁၄)မိုင်ရှိပြီး၊ အကျိုးပြုကျေးရွာ(၇)ရွာရှိကြောင်း သိရှိရပါသည်။ ကျွန်းပတ်တာ အလျား(၁၄)မိုင်အနက်မှ ပြုပြင်ရန်လိုအပ်သည့် တာအလျား(၇)မိုင်အား ပုံစံကျပြုပြင်ခြင်းနှင့် (၅ ပေ x ၆ ပေ) (၂)ပေါက် ကွန်ကရစ်ရေတံခါး(၃)လုံး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေရရှိမှုအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ကျွန်းပတ်တာ အလျား(၇)မိုင် ပုံစံကျပြုပြင်ခြင်းနှင့် (၅ ပေ x ၆ ပေ) (၂)ပေါက် ကွန်ကရစ်ရေတံခါး(၃)လုံး တည်ဆောက်ခြင်းလုပ်ငန်း၏ ခန့်မှန်းကုန်ကျငွေကျပ် (၈၈၈.၉၆၃)သန်းအား ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေ

ခွဲဝေရရှိမှုအပေါ်မှာ မူတည် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ အလယ်၌ ရေချိုကန်ပါသော အသက်ကယ်ကုန်းမြင့်တစ်ခု တည်ဆောက်ပေးရန်နှင့်ပတ်သက်၍ အသက်ကယ်ကုန်းကန် ဆောင်ရွက်ရန် အတွက် အကျိုးပြုကျေးရွာ(၇)ရွာနှင့် သက်ဆိုင်ရာဌာနတို့မှ ညှိနှိုင်း၍ မြေနေရာ ရှာဖွေရရှိရန် လိုအပ်ပါကြောင်းနှင့် မြေနေရာရရှိပါက ရေချိုကန်ပါသော အသက်ကယ်ကုန်းတည်ဆောက်မည့် ဒီဇိုင်း၊ ခန့်မှန်းကုန်ကျငွေများ တွက်ချက်လျာထားတင်ပြ ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက် ၅-၅-၂၀၁၆ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ) က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက် ၃၁-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂-၉-၂၀၁၆ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]